KNU - ကရင်အမျိုးသားအစည်းအရုံး
မူတြော်ခရိုင် - အမှတ် (၅) တပ်မဟာ

## ပြည်သူလူထုထံ အသိပေးထုတ်ပြန်ချက်

ရက်စွဲ။ မတ်လ (၂၇)၊ ၂၀၂၁ ခုနှစ်။

၁) ဖက်စစ်ဂျပန်စနစ်ကိုဆန့်ကျင်ခဲ့သော ၁၉၄၅ ခုနှစ်၊ မတ်လ (၂၇) နေ့ကို ရည်စူးပြီး၊ လက်ရှိ မြန်မာပြည်တွင်ဖက်စစ်စနစ်ကိုဆက်လက်ကျင့်သုံးနေသောနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (နစက) ၏ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်လက်အောက်ခံ ခမရ-၃၄၉ တပ်စွဲထားသည့် တပ်စခန်း တည်ရှိရာ ထိုင်းနိုင်ငံနယ်စပ်၊ သီးမူထာ ဖက်စစ်အာဏာသိမ်းကောင်စီတပ်စခန်းကို ၂၀၂၁ ခုနှစ်၊ မတ်လ (၂၇) ရက်၊ နံနက် ၆း ၁၅ အချိန်ခန့်တွင် စတင်ဝင်ရောက်တိုက်ခိုက်ပြီး ၄၅ မိနစ်အကြာတွင် အလုံးစုံတိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပါသည်။

၂) ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့တွင် မြန်မာစစ်တပ်မှ အာဏာသိမ်းပြီးနောက်ပိုင်း စစ်အာဏာရှင်စနစ်ကို အလိုမရှိ၍ ဆန့်ကျင်ကြသော လူငယ်များနှင့် ပြည်သူလူထုများသည် နေ့စဉ်ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ရာတွင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ(၉)ရက်နေ့တွင် အာဏာသိမ်းစစ်ကောင်စီမှ ကျည်ဆန်အစစ်ဖြင့် စတင် ပစ်ခတ်ပြီး ယနေ့တွင် အပြစ်မဲ့ပြည်သူများ ရာပေါင်းများစွာ သေဆုံးခဲ့ရပြီးဖြစ်သည်ကို မိမိတို့သိရှိရပြီး ပြည်သူလူထုနှင့်အတူ ရပ်တည်လျက် ကျဆုံးသွားသော အာဇာနည်များကို ဂုဏ်ပြုလျက် ကျန်ရှိသော မိသားစုဝင်များနှင့်အတူ ထပ်တူဝမ်းနည်းမိပါသည်။

၃) မိမိတို့ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၊ မူတြော်ခရိုင်(ဖာပွန်)အနေဖြင့် မြန်မာစစ်တပ်မှ ဖေဖော် ဝါရီ (၁) ရက်နေ့တွင် အတင်းအဓမ္မအာဏာသိမ်းချိန်မှ ယနေ့အချိန်ထိ အာဏာသိမ်းစစ်ကောင်စီ၏ အုပ်ချုပ် ရေး ကို ဆန့်ကျင်၍သော်လည်းကောင်း၊ အခြားမည်သည့် အုပ်ချုပ်ရေးယန္တရားကိုမျှ မိမိတို့၏ နယ်မြေအတွင်း လက်ခံမည်မဟုတ်ကြောင်းနှင့် ကော်သူးလေအုပ်ချုပ်ရေးယန္တရားဖြင့် မိမိတို့၏ နယ်မြေ ကို အုပ်ချုပ် မည်ဖြစ်ပြီး နွေဦး တော်လှန်ရေးတွင်အလွှာပေါင်းစုံဖြင့်ပါဝင်ပြီး အာဏာရှင်စနစ်ကို ဆန့်ကျင် သော ပြည်သူလူထုများကို ထောက်ခံ ကြောင်း နှင့် မိမိတို့အုပ်ချုပ်ရေးပြင်ပတွင် CRPH ကိုလည်း ထောက်ပံ့ ကူညီ မည်ဖြစ် ကြောင်း သဘောထား ရပ်တည်ချက်ကို တင်ပြခဲ့ပြီးဖြစ်သည်။

၄)မိမိတို့ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ကရင့်အမျိုးသားလွှတ်မြောက်ရေးတပ်မတော် (KNLA) သည် ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့တွင် ထုတ်ပြန်သော သဘောထား ထုတ်ပြန်ချက်တွင် KNU အုပ်ချုပ်နယ်မြေအတွင်း မြန်မာ့တပ်မတော်(ယခုအာဏာသိမ်းစစ်ကောင်စီ)တပ်ဖွဲ့မှ တပ်စခန်းများ ၂၀၂၀ ခုနှစ် ဒီဇင်ဘာလ အကုန်တွင်ရုတ်သိမ်းပေးရန် ထုတ်ပြန်ထားပြီး ဒေသခံပြည်သူလူထုများမှ လည်း မိမိတို့ဒေသတွင်းရှိမြန်မာ့တပ်မတော်စစ်စခန်းများကိုအလိုမရှိကြောင်းနှင့်မိမိတို့ဌာနေဒေသခံများ၏ဘေးလုံခြုံမှုနှင့် လွတ်လပ်သောလုပ်ကိုင်စားသောက်မှုများရှိစေရေးအတွက်မိမိတို့ဒေသတွင်းရှိမြန်မာ့တပ်မတော်စစ်ခန်းများပြန်လည်ဆုတ်ခွာရုတ်သိမ်းပေးရန် အကြိမ်များစွာဆန္ဒထုတ်ဖော်ခဲ့ကြပြီး ဖြစ်သည်။

၅) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (နစက)သည် လူမျိုးပေါင်းစုံနေထိုင်ရာဒေသများ၊ လူမျိုးစုလက်နက်ကိုင်တည်ရှိရာဒေသများအတွင်းသာမက ပြည်မအတွင်းရှိ ပြည်သူလူထုများကိုလည်း စိတ်ပိုင်း ဆိုင်ရာသော် လည်းကောင်း၊ ရုပ်ပိုင်းဆိုင်ရာသော်လည်းကောင်း၊ နွေဦးတော်လှန်ရေးတွင် တက်ကြွစွာပါဝင်လှုပ်ရှား နေသော မျိုးဆက်သစ်လူငယ်များကို အကြမ်းဖက်နှိမ်နင်းကာ မတရားဖမ်းဆီးထားပြီး အမျိုး သမီးငယ်များကိုလည်း လိင်ပိုင်းဆိုင်ရာ စော်ကားမှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို များစွာကျူး လွန်နေပြီး၊ ရက်စက်ရုတ်မာစွာသတ်ဖြတ်နေသည်ကို ကမ္ဘာက လည်း သိရှိပြီးဖြစ်သည်။

၆) သို့ဖြစ်ပါ၍ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA အမှတ်(၅)တပ်မဟာမှ ပြည်သူလူထုအား အကာအကွယ်ပေးရန်နှင့် စစ်ကောင်စီတပ်ဖွဲ့အပေါ် ခုခံတုံ့ပြန်မှုအား အရှိန်အဟုန်ဖြင့် ပိုမိုလှုပ်ရှား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်သူလူထုအားအသိပေးထုတ်ပြန်အပ်ပါသည်။

ခရိုင်အလုပ်အမှုဆောင်ကော်မတီ
ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး
မူတြော်ခရိုင်
ကော်သူးလေ

**ဆက်သွယ်ရန်**

**ပဒိုမန်းမန်း - (Phone-66879438750)**